# NSWEduChat ကျောင်းသားများ အသုံးပြုရန်

## မိဘနှင့် ပြုစုစောင့်ရှောက်သူများအတွက် သတင်းအချက်အလက်များ

**NSWEduChat ဟာ NSW ပညာရေးဌာန (NSW Department of Education) က ပိုင်ဆိုင်ပြီး ဒီဇိုင်းထုတ်ဖန်တီးထားတဲ့ ဉာဏ်ရည်တု ကိရိယာတစ်ခု ဖြစ်ပါတယ်။ ဒါကို လုံခြုံမှုရှိစေဖို့၊ ပညာရေးကို အထောက်အကူပြုစေဖို့၊ လုံခြုံစိတ်ချရစေဖို့နဲ့ သီးသန့်ဆန်ဆန် အသုံးပြုနိုင်စေဖို့ ဒီဇိုင်းထုတ်ထားပါတယ်။**

### NSWEduChat ကျောင်းသားများ အသုံးပြုရန်

Year 5 မှ Year 12 အထိ ကျောင်းသားတွေအနေနဲ့ ၂၀၂၅ ခုနှစ်၊ ပညာသင်ကာလ 4၊ NSWEduChat ကို ဝင်ရောက်အသုံးပြုခွင့် ရမှာဖြစ်ပါတယ်။

### NSWEduChat အသုံးပြုသည့် ကျောင်းသားများ၏ ဘေးကင်းလုံခြုံရေး

NSWEduChat ဒေတာအချက်အလက်တွေက လုံခြုံမှု ရှိပါတယ်။ ဒေတာအချက်အလက် အားလုံးကို ဌာနတွင်းမှာ ထိန်းသိမ်းထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျောင်းသားတွေအနေနဲ့ မိမိတို့ရဲ့ လုပ်ဆောင်ချက်တွေနဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို NSWEduChat မှာ လုံခြုံစိတ်ချစွာ ထည့်သွင်းနိုင်ပါတယ်။

### NSWEduChat ၏ ပညာရေးဆိုင်ရာ ဒီဇိုင်း

NSWEduChat ဟာ မေးခွန်းတွေအတွက် အဖြေအပြည့်အစုံကို ချက်ချင်းတန်းမပေးပါဘူး။ ကျောင်းသားတွေကို အပွင့်မေးခွန်းတွေ ပြန်မေးပြီး တုံ့ပြန်ပါတယ်။ ဒါဟာ ကျောင်းသားတွေအနေနဲ့ မိမိတို့ရဲ့ အတွေးအမြင်နဲ့ ကျိုးကြောင်းဆင်ခြင်နိုင်မှုကို ဖော်ထုတ်၊ မျှဝေဖို့ အားပေးရာ ရောက်ပါတယ်။ NSWEduChat ဟာ စာသားကိုသာ အသုံးပြုထားပါတယ်။ ဒါကြောင့် ၎င်းဟာ ရုပ်ပုံတွေ၊ ဗီဒီယိုတွေ ဒါမှမဟုတ် တေးဂီတလိုမျိုး မီဒီယာတွေကို ဖန်တီးမပေးနိုင်ပါဘူး။

### အိမ်စာနှင့် ဆန်းစစ်အကဲဖြတ်မှုများအတွက် အထောက်အကူရရန် NSWEduChat ကို အသုံးပြုခြင်း

အိမ်စာ ဒါမှမဟုတ် ဆန်းစစ်အကဲဖြတ်မှုတွေ အတွက် NSWEduChat ကို အသုံးပြုနိုင်တယ်လို့ ကျောင်းက အကြံပြုရင် ကျောင်းသားတွေဟာ လေ့ကျင့်ခန်းတွေ ပြီးမြောက်အောင် လုပ်ဆောင်ရာမှာ NSWEduChat ကို အသုံးပြုခဲ့တာ ရှိ၊ မရှိ ဆရာ၊ ဆရာမတွေကို အသိပေးသင့်ပါတယ်။ ဒီထဲမှာ သင်ခန်းစာမှတ်စုတွေကို အနှစ်ချုပ်တာ၊ အဓိက ဝေါဟာရတွေကို အဓိပ္ပါယ်ဖွင့်ဆိုတာနဲ့ စာစီတာလိုမျိုး လုပ်ငန်းတာဝန်တွေအတွက် NSWEduChat ကို အသုံးပြုတာတွေ ပါဝင်ပါတယ်။ ဒါပေမဲ့ ဒီအချက်တွေနဲ့ဆိုင်တာကိုပဲ အသိပေးရမယ်လို့ ကန့်သတ်ထားတာ မရှိပါဘူး။ ကျောင်းတွေအနေနဲ့ ကျောင်းသားတွေက မိမိတို့ရဲ့ ဆရာ၊ ဆရာမတွေကို အသိပေးနိုင်မယ့် သင့်တော်တဲ့ နည်းလမ်းတွေကို ချပြသင့်ပါတယ်။

### NSWEduChat ကို အိမ်တွင် အသုံးပြုခြင်း

ကျောင်းသားတွေအနေနဲ့ NSWEduChat ကို အောက်ပါဝက်ဘ်ဆိုက်တွေကတဆင့် ဝင်ရောက်ပြီး အိမ်ကနေ အသုံးပြုနိုင်ပါတယ် -

- https://portal.education.nsw.gov.au/ ဝက်ဘ်ဆိုက်ရှိ ကျောင်းသား ဆက်သွယ်ရန် "ပေါ်တယ်"။
- chat.education.nsw.gov.au ဝက်ဘ်ဆိုက်မှတဆင့် တိုက်ရိုက်ဝင်ရောက် အသုံးပြုခြင်း။

ကျောင်းသားတွေအနေနဲ့ ၎င်းတို့ရဲ့ NSW Department of Education အကောင့်ကို အသုံးပြုပြီး အကောင့်ထဲကို ဝင်ရောက်ဖို့ လိုအပ်ပါတယ်။ အကောင့်ဝင်ရောက်ထားတဲ့ ကျောင်းသားတွေသာလျှင် NSWEduChat ကို အသုံးပြုနိုင်ပါတယ်။

ဒီဉာဏ်ရည်တု ကိရိယာနဲ့ ပတ်သက်ပြီး တစုံတရာ ဆွေးနွေးစရာ ရှိတယ်ဆိုရင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထံ ဆက်သွယ်နိုင်ပါတယ်။

အချက်အလက်တွေကို ထပ်မံသိရှိ လိုပါက NSWEduChat parental privacy notice (NSWEduChat မိဘဆိုင်ရာ ကိုယ်ရေးကိုယ်တာ အချက်အလက် လုံခြုံရေး သတိပေးချက်) သို့ ဝင်ရောက် ၍ Student use of NSWEduChat ဝက်ဘ်ဆိုက် ကို ဝင်ရောက် ကြည့်ရှုနိုင်ပါတယ်။

### တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု (TIS) - 131 450

စကားပြန် အကူအညီ လိုအပ်တယ်ဆိုရင် TIS သို့ ဖုန်းခေါ်ဆိုပြီး မိမိလိုအပ်တဲ့ ဘာသာစကားနဲ့ မိမိခေါ်ဆိုချင်တဲ့ ဖုန်းနံပါတ်ကို ပြောပြပါ။ စကားပြောဆိုရာမှာ ကူညီဖို့ ဖုန်းလက်ခံ ဖြေဆိုသူက ဖုန်းလိုင်းပေါ်မှာ စကားပြန် တစ်ယောက် ခေါ် ပေးမှာ ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုအတွက် သင့်ဆီကနေ အခကြေးငွေ ကောက်ခံမှာ မဟုတ်ပါဘူး။